ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၃ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၂၀ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**မွေးစားမိဘများ လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များ သတ်မှတ်ခြင်း**

ကလေးသူငယ်ကို မွေးစားလိုသည့် မိဘများသည် အောက်ဖော်ပြပါ မွေးစားမိဘများ လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) မွေးစားမိဘသည် မွေးစားခြင်းခံရသူ ကလေးသူငယ်၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ကြရမည်။

(ခ) မွေးစားမိဘသည် မွေးစားကလေးသူငယ်၏ ကောင်းမွေ ဆိုးမွေ အားလုံးကို တာဝန် ယူရမည်။

(ဂ) မွေးစားကလေးသူငယ်၏ အမည်ကိုပေးပါက ထိုသို့ပေးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ အကြောင်းကြားရမည်။

(ဃ) ကလေးသူငယ်၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့ ဘက်စုံဖွံ့ဖြိုး တိုးတက်မှု အခြေအနေကို တစ်နှစ်လျှင် တစ်ကြိမ် မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ အစီရင်ခံရမည်။

(င) မွေးစားကလေးသူငယ်အား မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူ တစ်ဦးဦးနှင့် ပူးပေါင်း၍သော်လည်းကောင်း ပြည်ပသို့ ခိုးထုတ်ခြင်း၊ လူကုန် ကူးခြင်း၊ ရောင်းဝယ်ခြင်း၊ အဓမ္မ ဝန်ဆောင်မှု ပေးစေခြင်းနှင့် နှိပ်စက် ညှင်းပန်းခြင်း မပြုရ။

(စ) မွေးစားကလေးသူငယ်အား ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ လျစ်လျူ ရှုခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကြမ်းဖက်ခြင်း မပြုရ။

(ဆ) မွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိက ဖြစ်စေ၊ လူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးကဖြစ်စေ မွေးစားကလေးသူငယ်၏ အခြေအနေနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ စစ်ဆေးကြည့်ရှုခြင်းကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း မပြုဘဲ လိုအပ်သည်များကို အကူအညီပေးရမည်။

(ဇ) မွေးစားကလေးသူငယ်၏ မိဘအရင်း ဆွေမျိုးရင်းများက ဆက်သွယ် တွေ့ဆုံ လိုသည့်အခါ လွတ်လပ်စွာ ဆက်သွယ်တွေ့ဆုံခွင့် ပြုရမည်။

(ဈ) မွေးစားမိဘ၏ စီးပွားရေး၊ လူမှုရေး အခြေအနေ ပြောင်းလဲသည့်အခါ ထို ပြောင်းလဲချက်ကို လည်းကောင်း၊ မွေးစားသား သို့မဟုတ် မွေးစားသမီး၏ အခြေအနေပြောင်းလဲသည့် အခါ ထိုပြောင်းလဲချက်ကို လည်းကောင်း၊ နေရပ် လိပ်စာ ပြောင်းရွှေ့သည့်အခါ ထိုသို့ ပြောင်းရွှေ့သည့် နေရပ်လိပ်စာကို လည်း ကောင်း မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ အကြောင်းကြား ရမည်။

(ည) မွေးစားသား သို့မဟုတ် မွေးစားသမီးအား ထပ်ဆင့် မွေးစားခွင့်ပေးခြင်း လုံးဝ ခွင့်မပြုရ။

(၃) မွေးစားမိဘက ပြည်ပသို့ အလည်အပတ် သွားရောက်သည့်အခါတွင် ဖြစ်စေ၊ အလုပ်ကိစ္စဖြင့် သွားရောက်သည့်အခါတွင် ဖြစ်စေ မွေးစားသား သို့မဟုတ် မွေးစားသမီးအား ခေါ်ဆောင်သွားလိုပါက မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ၏ ကြိုတင်ခွင့်ပြုချက် ရရှိပြီးမှသာ ခေါ်ဆောင်သွားရမည်။

(၄) အထက်အပိုဒ် (၃) အရ အလုပ်ကိစ္စဖြင့် ပြည်ပသို့ မွေးစားသား သို့မဟုတ် မွေးစား သမီးအား ခေါ်ဆောင်သွားပါက မွေးစားသား သို့မဟုတ် မွေးစားသမီး၏ အခြေအနေကို မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ အနည်းဆုံး ၆ လတစ်ကြိမ် အစီရင်ခံရမည်။

(၅) မွေးစားမိဘနှင့် သက်ဆိုင်သည့် ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ ပြန်လည်ပေါင်းသင်းခြင်း၊ စားစရိတ် တောင်းခံခြင်း၊ ပေးကမ်းခြင်း၊ ဦးစွာဝယ်ယူ ပိုင်ခွင့်ရှိခြင်း စသည့် အခွင့်အရေးများကို မွေးစားသား သို့မဟုတ် မွေးစားသမီးအား ပေးရမည်။

(၆) မွေးစားမိဘသည် အထက်ဖော်ပြပါ တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မွေးစားခြင်း မှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ခြင်း ခံရမည့်အပြင် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

စာအမှတ်၊ ၁၄၁၅၂ / ၀၅၃ / ၂-၁၆ / ၂၀၂၀
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၂၈ ရက်

ဖြန့်ဝေခြင်း

- နိုင်ငံတော်သမ္မတရုံး၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊
- ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊
- ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊
- နေပြည်တော်ကောင်စီ၊
- တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများ
- ညွှန်ကြားရေးမှူးချုပ်
  ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

မိတ္တူကို-

(၁) ရုံးလက်ခံ

(၂) မျှောစာတွဲ

(၃) စာတွဲအမှတ်၊ ၉၉၉ / ၁-၂ / ၂၀၂၀ ။